

လိုင်စာပေ

# ဦပုဂလဲခင်



## မုန်းမာန်မျက် ပြေစေညွှန်း

စ/ဆုံးလုံးချင်းဝတ္ထုသစ်

# မုန်းမာန်မျက် ပြေစေညွှန်း

အဆုံးစွန်ထိ ချစ်သော အချစ်နှင့် အစွမ်းကုန်အောင် မုန်းတီးသော အမုန်းက နှလုံးသား ရင်ပြင်ထက်ဝယ် ထိပ်တိုက် ရင်ဆိုင် နေရာယူကာ လွန်ဆွဲပွဲ ကျင်းပနေခြင်း ဒဏ်ကြောင့် နှလုံးသား မြေမဟီ ပျက်သုဉ်း နာကျင်ခြင်း အတွက် ကုစားစရာ နတ္ထိပါလားဟု သိလိုက် ရချိန်တွင် ...။

(ငွေစင်ကြယ်)

သင်း၏ အသနား ခံနေသော မျက်လုံး၊ တောင်းပန် တိုးလျှိုးသော အကြည့်တို့ ကို မျက်လုံးစိမ်းဖြင့် ရင်ဆိုင် ကြည့်ပစ်လိုက်သည် ။

သေသည့် တိုင်အောင် ခွင့်မလွှတ်ဘူး။

အို ... သံသရာ အဆက်ဆက် တိုင်အောင် ကျေနပ် လိမ့်မည် မဟုတ် ။ (An eye for an eye, a tooth for a tooth) ကိုဥပဒေကဲ့သို့ အသက် တစ်ချောင်းအတွက် အသက်ပေးမှ ကျေနပ်နိုင်မည်။

'ရှင့်ကို မုန်းတယ်'

'မုန်းတာမှ တူးတူးခါးခါးကို မုန်းတာ'

'ရှင်ကြီးကို စိတ်ထဲကနေ ခါးသွား ထက်ထက်နဲ့ မသေမချင်း ထိုးသတ် နေပစ်မယ် ဆိုတာ ရှင်ကြီး သိထားလိုက်ပါ'

'ဥပဒေရဲ့ ချမှတ်တဲ့ ပြစ်ဒဏ်ကို ရှင်ကြီး ကျခံပြီးလည်း ရှင်ကြီး အပြစ်က ကျေသွားတယ်လို့ မမှတ်ယူလိုက်နဲ့ ။ ရှင်ကြီးကို ငွေစင်ကြယ် ဘယ်တော့မှ ခွင့်မလွှတ်ဘူး'

'တူးတူးခါးခါး မုန်းတီးခြင်း ရိုးတွင်း ချဉ်ဆီထဲ တိုင်အောင် စိမ့်ဝင်သော မုန်းတီးခြင်းက ဖြစ်နိုင်ရင် ရှင်ကြီး အသက်ကို ချက်ချင်း နုတ်ယူပစ် လိုက်ချင်တယ်'

'ရှင်ကြီး ကျွန်မ ရှေ့မှာ ဘိုင်းကနဲ လဲသေသွားမှ ကျေနပ်နိုင်မယ် ထင်ပါရဲ့ '

'ဟင့်အင်း ဒါလည်း မကျေနပ် နိုင်ဘူး'

'အို ... ဘယ်လို နည်းနဲ့ မှ မကျေနပ် နိုင်ဘူး မုန်းတယ် သတ်ပစ် ချင်လောက်အောင် မုန်းတယ်'

မိမိ၏ မျက်လုံးကို စိုက်ကြည့်ကာ ရင်ထဲက မေတ္တာပို့ ကျိန်ဆိုမှု ရေရွတ်မှုများက အမုန်းတရား ဘယ်လောက် ပြင်းထန် နေသည် ကို မမုန်းဆ တတ်အောင် ဖြစ်ရင်း စစ်သွေးဦး ရင်ထဲဝယ် ထိရှ နာကျင်မှုက သေချင်လောက် အောင်ပင် ဖြစ်သွားရသည် ။

ငယ်ရွယ် နုနယ်သော ချောမွတ်သော မျက်နှာ ပိုင်ရှင်လေး၏ နှလုံးသား နုနုထက်၌ အမုန်းတရား ဟူသော ဒဏ်ရာ ဒဏ်ချက် များကို ပေးလိုက်မိသည့် မိမိကိုယ် မိမိလည်း ခွင့်မလွှတ် နိုင်အောင် ဖြစ်မိနေသည် ။ တရား ဥပဒေက ပေးသော ပြစ်ဒဏ်ကို စစ်သွေးဦး ခံယူရခြင်း အတွက် တွန့်ဆုတ်ခြင်း မရှိသော်လည်း ငွေစင်ကြယ်၏ မျက်နှာ နုနု

ထက်က မျက်ဝန်းစိမ်း၏ ကျိန်ဆိုမှု ဒဏ်ကိုတော့ သူမခံစား နိုင်ပြီမို့ သူ ကျောခိုင်း လိုက်စဉ် ...

‘ဟဲ့ ငွေစင်’

‘ငွေစင်ကြယ်’

‘ငွေ သမီး သတိထားလေ’

ရုတ်ရုတ်သဲသဲ အသံများကြောင့် သူ နောက်သို့ လှည့်ကြည့် လိုက် သောအခါ ဒေါသနှင့် အမုန်းတရား၏ နှိပ်စက်မှု ဒဏ်ကို နှလုံးသား နုနု က လက်ခံနိုင်ပုံ မရသဖြင့် ငွေစင်ကြယ်သည် အရုပ် ကြိုးပြတ် ပုံရက် သား လဲကျ သွားလေတော့သည် ။

‘ဖြစ်ရလေ မိန်းကလေးရယ်’

ဟု စစ်သွေးဦး ရင်တွင်း ညည်းတွား ရုံမှ အပ ...။

*****

# အပိုင်း (၁)

## အခန်း (၁)

လှသော၊ ပညာအရာလည်း ထူးချွန်သော ငွေစင်ကြယ် ဘဝကို မြင့်

တင်ပေးဖို့ ကံကြမ္မာက ထူးထူးကဲကဲ သဘောကောင်းစွာ ငွေစင်ကြယ်ကို မျက်နှာသာ ပေး လိုက်လေသည် ။

ကွယ်လွန် သွားရှာပြီ ဖြစ်သော သူ့ဖခင် တစ်ခါမှ ထုတ်ဖော် ပြောကြားခြင်း မရှိခဲ့သည့် တပည့် တစ်ဦးက ဘွားကနဲ ပေါ် လာလေသည် ။

‘ကိုတာရာ’ တဲ့ ။

ကျောင်းဆရာ တစ်ဦး ဖြစ်သော ဖခင်၌ တပည့်ပေါင်း သောင်းခြောက်ထောင် မက ရှိလေသည် ။

တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိခဲ့သော ဖခင်ကြီး၏ နောက်ဆုံးခရီးက တပည့်များကြောင့် ငွေစင်ကြယ် တစ်ပြား တစ်ချပ်မှ မကုန်ကျခဲ့ရဘဲ ချောချောမောမော စည်စည်ကားကားနှင့် ပြီးဆုံး သွားခဲ့လေသည် ။

သို့သော် … နေမင်းနှင့် တူသော ဖခင်ကြီး၏ အလင်းရောင် ကွယ်ပျောက် သွားသည့်နောက် ငွေစင်ကြယ်၏ ဘဝတွင် တာရာဟူသော လမင်းတစ်စင်းက ရုတ်တရက် ထွန်းလင်း လာခဲ့လေပြီ။

‘ငွေ … ရှင် ဂိုဒ်လုပ်မယ်ဆို ကျုပ်အသိ တစ်ယောက်ကို ပြောထားပေးသေးတယ်’

သူငယ်ချင်း ဝါဝါက ကျောင်းတုန်းမှာ ကတည်းက တစ်တန်းတည်း သူငယ်ချင်း ဖြစ်ခဲ့ရာ ယခု ဆေးတက္ကသိုလ် ရောက်တော့လည်း ဆက်လက် လက်တွဲ မဖြုတ်ခဲ့ကြပေ။

‘မိန်းကလေး တွေလား’

‘ မဟုတ်ဘူး ယောကျ်ားလေးတွေ နည်းနည်းတော့ ဆိုးတယ်ဟ’

ငွေစင်ကြယ် အပြေးအလွှား စဉ်းစားလိုက်သည် ။ ကိုကို တာရာက အလုံအလောက် ထောက်ပံ့ ပေးထားသည် ။ ဒါကလည်း ထူးချွန် ထက်မြက်သော သမားတော် တစ်ဦး ဖြစ်သည် အထိ ကြိုးစားပါမည် ဟူသော ကတိပေးထားသည် ။

ထိုကတိကို မဖျောက်ဖျက်ချင်။

'နေပါစေတော့ဟာ ကျုပ်အစ်ကို သိသွားရင် မကောင်းဘူး။ သူက အချိန် ဟူသမျှတို့ ကို စာထဲ အာရုံ နှစ်ထားပါလို့ မှာ ထားတယ်။ တစ်ခါတစ်ရံ ပင်ပန်းရင် အနားယူ လည်ပတ်လိုက်တဲ့ '

သူငယ်ချင်းတွေက ကိုကိုတာရာကို အစ်ကို ဝမ်းကွဲဟု သာ သိထားကြလေသည် ။ ရုတ်တရက် မိုးကျ ရွှေကိုယ်လို ပေါ်ပေါက်လာသော ကိုကိုတာရာနှင့် ပတ်သက်ပြီး သူငယ်ချင်းများ ကလည်း စိတ်ဝင်စား ကြလေသည် ။

'နင့် ကိုကိုက ဘယ်တော့ ပြန်လာမှာ လဲ'

'မသိသေးဘူးဟ'

'ဒီတစ်ခါ စာရေးရင် မေးလိုက်ဟာ ဩော် ... ရှင့်ဆီမှာ ကော သူ့ဓာတ်ပုံတွေ ဘာတွေ မရှိဘူးလား ယောင်းမရယ်။ ကျုပ်တို့ ကို ပြစမ်းပါဦး'

'ဟုတ်ပါရဲ့ မေ့နေလိုက်တာ ဒီတစ်ခါ စာရေးရင် တောင်းလိုက်ဦးမယ်'

ဝါဝါပြောမှ ကိုကိုတာရာ ဆီသို့ စာရေးလျှင် မေးရမည့် အကြောင်းတွေ တစ်ခုပြီး တစ်ခုစီကာ တန်းကာ ပေါ်ပေါက် လာလေသည် ။ အိမ်သို့ပြန်ရန် ဘတ်စ်ကား စောင့်နေစဉ် ဝါဝါက ...

‘ထုံးစံအတိုင်း ရွှေစွန်ညို လာဝဲနေပြီ’

‘ကြည့်မနေနဲ့ နေပါစေ’

ငွေစင်ကြယ်က ဝါဝါအား ပြောပြီး ခပ်တည်တည် လေးပင် ဘတ်စ်ကား အလာကို စောင့်နေလိုက်သည် ။

ဝါဝါက မကြည့်ပါနှင့် ဆိုသည့် ကြားက ခိုးကြည့်လိုက်ပုံ ရသည် ။

‘ကားကို ရပ်ထားပြီး ကျုပ်တို့ ဆီ လျှောက် လာပြီ’ ဟု သူကြားသာရုံ လှမ်းပြော လိုက်လေသည် ။ ဝါဝါစကားဆုံးပြီး တစ်ခဏတွင် ...

‘ငွေစင်ကြယ်တို့ ကလပ်စ် ပြီးသွားပြီလား’

‘ဟုတ်ကဲ့’

ငွေစင်ကြယ် ငုံ့စောင်းကြည့်ကာ ယဉ်ကျေးစွာပင် တုံ့ပြန်လိုက်သည် ။

ရွှေစွန်ညို ဘာကို လိုလို့ ဝဲဝဲ ယဉ်ကျေးစွာ ချဉ်းကပ် လာသူကို ယဉ်ကျေးစွာ တုံ့ပြန် ရမည်ပေါ့။

‘ကျွန်တော် လိုက်ပို့ပေး ပါရစေလား’

‘ကျေးဇူး တင်ပါတယ်၊ ဒါပေမဲ့ လုပ်နေကျ အလေ့အကျင့် တစ်ခုကို မဖျက်ပါရစေနဲ့ ’

‘အဲဒီ အကျင့်က အမြဲတစေ ဖြစ်သွားစေအောင် ကျွန်တော်က ဂျူတီ တစ်ရပ် အဖြစ် တစ်သက်လုံး ထမ်းဆောင်ပေးမယ် ဆိုရင်ကောဗျာ’

ရွှေစွန်ညိုကြီးက အလာကြီးပေပဲ။ စကားအရာ ကျွမ်းကျင် ပေသား ပဲဟု ငွေစင်ကြယ်က တွေးလိုက်ပြီး ...

‘အင်းလေ ဒီလိုဆိုတော့ ပိုပြီး အချိန်ယူ စဉ်းစား ရပေဦးမှာ ပေါ့ရှင်၊

တစ်ခဏတာ အရေးမဟုတ်ဘဲ တစ်သက်တာ အရေးဆိုတော့ ပိုပြီး စဉ်းစားရမှာ ပေါ့။ မဟုတ်ဘူး လား ကိုရာဇတိုး’

‘ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ ငွေစင်ကြယ်ကို စဉ်းစားဖို့ အချိန် ပေးခဲ့တာလည်း အချိန် တော်တော် ကြာခဲ့ပါပြီ’

‘ဟော ကား လာပြီ ခွင့်ပြုပါဦး’

ငွေစင်ကြယ်က ပြောပြောဆိုဆို ဆိုက်ကပ်လာမည့် အဲယားကွန်း ကားကြီးဆီသို့ ဝါဝါနှင့်အတူ ခပ်သုတ်သုတ် လှမ်း လိုက်လေသည် ။

ကျင့်သား ရပြီးနေသော ဘဝအတွက် ငွေစင်ကြယ် ရှက်ရွံ့ခြင်း တွန့်ဆုတ်ခြင်း ရှိမနေဘဲ ဘဝတူ ခရီးသည် များ နှင့်အတူ တိုးဝှေ့ကာ ကားပေါ် အရောက် တက် လိုက်လေသည် ။ ယောက်ျား တစ်ဦးကို မှီခိုပြီးမှ မိမိဘဝ မြင့်မားရမည့် အဖြစ်ထက် ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ့်ဘဝကိုသာ ကိုယ်မြင့်မားအောင် ကြိုးပမ်းချင်သည် ။ မိဖုရား အဖြစ်ထက် ဘုရင်မအဖြစ်ကို လိုလားကြသော မိန်းမသား အချို့ထဲတွင် သူလည်း အပါအဝင် ဖြစ်လေသည် ဟု ငွေစင်ကြယ် ကိုယ့်ကိုယ်ကိုယ် သိနေလေသည် ။

*****

# အခန်း (၂)

'ငွေ ပြန်ရောက် လာပါပြီ ဒေါ်လေး'

မီးဖိုခန်း ဘက်တွင် ဘုရားပန်း လဲနေသော ဒေါ်ထွေးရီက ငွေစင်ကြယ်၏ အသံပြုသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်ပြီး ...

'ငွေ့အတွက်စာ ဦးအောင်မောင်း လာပို့သွားတယ်၊ လက်ဆောင် ပစ္စည်း တစ်ထုပ်လည်း ပါတယ်။ ငွေ့စာကြည့် စားပွဲမှာ တင်ထားလိုက်တယ်'

ငွေစင်ကြယ် ဝမ်းသာသွားသည် ။ ကိုကိုတာရာ၏ တိကျမှုကတော့ အံ့သြလောက်သည် ။

လကုန်ခါနီး တစ်ရက် အလိုဆိုလျှင် ဦးအောင်မောင်း အမြဲရောက်ရှိလာပြီး ငွေစင်ကြယ်တို့ တူဝရီးအတွက် အိမ်သုံးစရိတ်နှင့် ကျောင်းစရိတ် ငွေနှင့်အတူ စာတစ်စောင် အမြဲ ပို့ပေးသည် ။

ငွေစင်ကြယ် ထမင်းဘူးကို စားပွဲပေါ် တင်ထားခဲ့ပြီး အိမ်ခန်းထဲသို့ ဝင်လိုက်သည် ။ ကုတင်ဘေးရှိ စာကြည့် စားပွဲတွင် ထိုင်လိုက်သည် ။

စားပွဲပေါ်မှ အထုပ်က ပန်းစက္ကူ လှလှလေးနှင့် ထုတ်ပိုးထားသော ကတ္တူ စက္ကူဘူး ခပ်ကြီးကြီး ဖြစ်နေလေသည် ။ ခါတိုင်းထက် ကြီးသဖြင့် ထူးဆန်းသော်လည်း ဖြည်မကြည့်သေးဘဲ စာကိုသာ ဖောက်ဖတ်လိုက်သည် ။

ကိုကိုတာရာ၏ လက်ဝဲလက်ရေး ဆန်သော လက်ရေးလေးကို ကြည့်ရင်း သူ့ရင်ထဲဝယ် အေးမြ သွားလေသည် ။

ကိုကိုတာရာသည် သူ့ဘဝအတွက် တကယ့်ကိုပင် အိုအေစစ် ဆန်သော လူတစ်ယောက် ဖြစ်လေသည် ။

ညီမ ငွေ

တစ်လ ပြည့်မြောက် သွားပြန်ပြီနော်။ ကိုကို့ ညီမလေးလည်း ရည်မှန်းချက် ပန်းတိုင်ရောက်ဖို့ တစ်လ ပိုနီးလာပြန် ပြီပေါ့။ ညီမ အဆင်ပြေ ပါတယ်လို့ ဘယ်လိုပဲ ပြောပြော ကိုကို မယုံသလိုဘဲ။ ဟုတ်မှ ဟုတ်ရဲ့ လားလို့ သံသယ ဖြစ်မိတယ်။ ဒါကြောင့် ကိုကို ဒီလကစပြီး ထပ်တိုးပြီး ပေးလိုက်တယ်။ နောက်ပြီး လူကြုံကောင်းတာနဲ့ ညီမ အတွက် လိုအပ်မဲ့ သွေးပေါင်ချိန် လို့ လည်း ရ နှလုံးခုန်နှုန်းလည်း တိုင်းတာလို့ ရတဲ့ စက်ကိရိယာလေး လက်ဆောင် ပေးလိုက်တယ်။ လိုချင်တဲ့ ဆေးစာအုပ်တွေ ရှိလည်း ပြောပါ။ အခြား လိုအပ်တာကောပေါ့။ ဘာမှ အားမနာပါနဲ့ ညီမက မမှာ တော့ ကိုကိုက ဘာဝယ် ပေးရမှန်း မသိဘူး။ ကိုကို့မှာ ညီမ မရှိခဲ့သလို မိန်းကလေး သူငယ်ချင်းကလည်း မရှိတော့ မိန်းကလေးတွေ ဘာနှစ်သက်တယ် ဆိုတာ မသိဘူးပေါ့ကွာ ။ မှာ စမ်းပါ။ ပူဆာ လိုက်စမ်းပါ ညီမရာ ကိုကို ဝယ်ပေးချင်လို့ ပါ။ ဒါပါပဲ ညီမအား သတိရလျက် ...

ကိုကိုတာရာ

ငွေစင်ကြယ် ရင်ထဲ ပျော်ရွှင် ကြည်နူးမှု လှိုင်းက ရိုက်ခတ် နေလေသည် ။

ကိုကိုတာရာ၏ စာဖတ်ရတိုင်း ပျော်ရွှင်စရာတို့ က တိုးပွား လာတတ် သကဲ့သို့ အနာဂတ် မျှော်လင့်ခြင်း ရောင်ခြည်ကိုလည်း မြင်တွေ့

နေခွင့်ရသည် ။

'ယုံပါဘူး။ မိန်းကလေး သူငယ်ချင်း မရှိဘူးဆိုတာ ကိုကိုနေတဲ့ တိုင်းပြည်ကိုက ဒီလောက် လွတ်လပ်နေတာ' ဟူသော စကားကို ဒီတစ်ခါ စာရေးလျှင် ထည့်ရေး ဖြစ်အောင် ရေး၍ မေးရဦးမည်။

စားပွဲပေါ်မှ ပန်းစက္ကူထုပ်နှင့် ပတ်ထားသော ပါဆယ်ထုပ်ကို ဖြည်လိုက်သည် ။ သွေးပေါင်ချိန်နှင့် နှလုံးခုန်နှုန်း တိုင်းတာသော စက်ကိရိယာလေးကို တွေ့လိုက်ရသဖြင့် ဝမ်းသာ သွားရသည် ။

ခေတ်မီသော နောက်ဆုံးပေါ် သွေးပေါင်ချိန်စက် ဖြစ်သည် ။

နောက် ထုံးစံအတိုင်း စာအိတ်နှင့် ထည့်ထားသော ငွေစက္ကူ အိတ်ကို ဖွင့်လိုက်ရာ ငွေ ၃ သိန်း ဖြစ်နေသည် ။

'ဟင် ဒေါ်လေးရေ'

ငွေစင်ကြယ် အံ့အား သင့်သွားပြီး ဒေါ်လေးအား လှမ်းအသံပြုရင်း ငွေကို ကိုင်ကာ ထွက်လာ လိုက်လေသည် ။

'ငွေ ဘာလဲဟေ့'

ဒေါ်လေးကလည်း ထမင်းပွဲ ပြင်နေရာမှ ထူးလိုက်၏။

'ဒီမှာ ကြည့်ပါဦး၊ တစ်သိန်းတောင် တိုးပေး လိုက်ပြန်ပြီ'

'ဟင် ... ဟုတ်လား ဒီကလေးနှယ် ငွေတွေ ဒီလောက်တောင် ပေါနေလို့ လား သွေးမတော် သားမစပ် ဆရာ တပည့် ကျေးဇူးတရား သိတတ်ပုံက မယုံကြည် နိုင်လောက်ဘူး'

ဒေါ်လေးက ငွေပေါသည် ဟု ဆိုကာ ဈေးဖိုးကို ဟော့ဟော့ ရမ်းရမ်း မသုံးစွဲ သကဲ့သို့ ငွေစင်ကြယ် ကိုယ်တိုင်ကလည်း ကျောင်းစရိတ်

အတွက် လိုအပ်သည့် ငွေအပြင် ပိုမသုံး။ ပိုငွေများကို ဘဏ်၌ သာ စုဆောင်း ထားလေသည် ။

'ဒီတစ်ခါ ဦးလေး အောင်မောင်း လာရင် တစ်သိန်း ပြန်ပေးလိုက်ရင် ကောင်းမယ် ထင်တယ်နော် ဒေါ်လေး'

'ငွေ့သဘောပဲ။ တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့ ။ ခု သူ့ကျေးဇူး တရားတွေဟာ ဆပ်လို့ မကုန်နိုင်အောင် ဖြစ်နေပြီ။ များများ ယူလေ များများ အကြွေးတင်သလို ဖြစ်ရလေပဲ ဖြစ်နေမှာ '

ဒေါ်လေးကလည်း တရားသမား ဖြစ်သည့် အားလျော်စွာ တရားသဘောလေးနှင့် ပြောလိုက် လေသည် ။

'ငွေလည်း အဲဒီလိုပဲ တွက်တယ်။ ဒါကြောင့် ဒီတစ်သိန်း ဒေါ်လေးပဲ ယူထားလိုက် ဦးလေး လာတဲ့ အခါ ပြန်ပေးလိုက်ပေ့ါ။ ငွေလည်း စာရေးထားမယ်'

ငွေစင်ကြယ်က ငွေတစ်သိန်းအား အဒေါ်ဖြစ်သူအား အပ်ထားလိုက်သည် ။

ကျန်ငွေများကို ဘီရိုအံဆွဲထဲ ထည့်ထားရင်း ရင်ထဲ၌ မွန်းကြပ်သလို ခံစားလိုက် ရသည် ။

မိမိသည် သူများ နှာခေါင်းပေါက်နှင့် အသက်ရှူနေသူ ဖြစ်နေပြီလား ။

'ဆရာ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ ဆပ်လို့ မကုန်နိုင်အောင် ရှိလို့ ဆရာ့ နာရေး တွေ့ရတော့ ယူကျုံးမရ ဖြစ်မိတယ်။ ဆရာ အသက်ရှင်စဉ် ဆပ်ခွင့် မကြုံလိုက်ရတဲ့ ကျွန်တော့်ကို ဆရာ တမလွန်ဘဝက ကျေနပ်ခွင့်ရအောင် ဆရာ့သမီးကို ညီမတစ်ယောက်လို သ

ဘောထားပြီး ထောက်ပံ့ခြင်းနဲ့ ဆရာ့ ကျေးဇူး တုံ့ပြန်ပါရစေ’

ဟု ပထမဦးဆုံး ရောက်လာသော စာအရ ငွေစင်ကြယ် မယုံကြည် နိုင်အောင် ဖြစ်ခဲ့ရသည် ။ နောက် ဦးအောင်မောင်း ဆိုသူ ရောက် လာပြီး ငွေစင်ကြယ် လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်း ပေးလေသည် ။ ငွေစင်ကြယ်သည် ဖခင် မရှိကတည်းက အားငယ်ကာ လောကကြီး အလင်း ပျောက်သလို ခံစား လိုက်ရသည် ။

ကိုကိုတာရာထံမှ စာနှင့်အတူ ငွေကို လာပို့သော ဦးအောင်မောင်း ကြောင့် အလင်းပျောက်ကာ အမှောင်ထုထဲ ကျနေသော သူ့အတွက် လမင်း၏ အလင်းရောင် ရလိုက်သလို ခံစား လိုက်ရလေသည် ။ ကိုကိုတာရာကို တွေ့လိုမြင်လို စိတ်က တဖွားဖွား ပေါ်ပေါက် ခဲ့လေသည် ။ သို့သော် ပြည်ပ ရောက်နေသော ကိုကိုတာရာ၏ ပြန်ရောက်လာမှုကို မျှော်လင့် စောင့်ဆိုင်း နေရသည် မှ အပ ဘာမှ မတတ်နိုင်ချေ။

‘ကိုကို အမြန်ဆုံး ပြန်လာပါတော့’ ဟု ကလေးတစ်ဦးလို တမ်းတမ်းတတ အော်လိုက် ချင်ပါသည် ။

*****

# အခန်း (၃)

‘ငွေစင်ကြယ်’

ဝါဝါ ကျောင်းမတက်သဖြင့် ငွေစင်ကြယ် တစ်ယောက်တည်း မှတ်တိုင်သို့ လျှောက်အလာ ခေါင်းသံကြောင့် ရင်ထဲ ထိတ်သွားသည် ။

ဝါဝါ အမည်ပေးထားသော ရွှေစွန်ညိုကြီးကို တွေ့လိုက်ရသည် ။

အမှန်တော့ သူ့အမည်မှာ ရာဇတိုး ဖြစ်သည် ။ ကွန်ပျူတာ တက္ကသိုလ် ကျောင်းသား တစ်ဦး ဖြစ်သည် ။

ငွေစင်ကြယ် မထူးဘဲ ပေကပ်နေရင်း ခြေလှမ်း မမှားစေရန် သတိထား လျှောက်လှမ်း လိုက်သည် ။

‘ငွေစင်ကြယ် တစ်ယောက်တည်း ဖြစ်နေတယ်။ ကျွန်တော် လိုက်ပို့ပေးမယ်နော်’

တိုးတိတ် ညင်သာသော အသံလေးက သူ့နားစည်သို့ ရိုက်ခတ်လေသည် ။ ငွေစင်ကြယ် မှတ်တိုင်မှာ ရပ်နေတော့ သူလိုက်ရပ်သည် ။

သူ့ကားကို ဘယ်ချောင်၌ ရပ်ထားခဲ့သည် မသိ။

‘ငွေစင်ကြယ်က ကျွန်တော့် ကားနဲ့ လိုက်ပို့ပေးတာ လက်မခံတော့ ကျွန်တော်ကပဲ ခင်ဗျားနဲ့ အတူ လိုင်းကား လိုက်စီးရမှာ ပေါ့ဗျာ’

‘မလိုက်နဲ့ ’

ငွေစင်ကြယ် ရာဇတိုးအား ပထမဦးဆုံးသော တုံ့ပြန် စကား ဆို လိုက်သည် ။ ဒါကိုပဲ ရာဇတိုးက အားတက်သွားပုံ ရသည် ။

'ပြည်သူပိုင် ကားလေ အများ ပြည်သူ ဘယ်သူစီးစီး ရတယ်မှတ် လား'

ငွေစင်ကြယ် မပြောသာတော့။

ဒဂုံမြို့သစ် မြောက်ပိုင်းအထိ သွားလာရသည် ဖြစ်၍ အချိန် ကြာမြင့် စွာ သွားရမည်။

ထိုခရီးစဉ် တစ်လျှောက်လုံးသာ ကိုယ်တော်က လိုက်ပါမည် ဆိုပါ က ခက်ရချည်သေးရဲ့ ။ လွတ်လပ်ခွင့်တွေ ဆုံးရှုံး ရတော့မည်။

သို့ဖြစ်၍ ...

'ကျွတ်'

သွားကြားက ထွက်လာသော လေသံဖြင့် သူ စုတ်သပ်လိုက်ပြီး ရွှေစွ န်ညိုလို သူ့ထံ ပျံဝဲနေသော ရာဇတိုးဘက် လှည့်ကာ ရင်ဆိုင် ကြည့် လိုက်သည် ။

မျက်လုံးချင်း အားပြိုင်ကြသည် ။

ရာဇတိုး မျက်ဝန်း၌ မာန အရိပ်အယောင်များ တွေ့လိုက်ရသည် ။ ထိုမာန၏ အရိပ်အယောင်မှာ လိုချင်သည် ကို မရရအောင် ယူတတ် သော မာန၊ အနိုင်လိုသော မာနရှင်၏ မျက်ဝန်းမျိုး ဖြစ်သည် ။

အဘယ်ကြောင့် ဝေဖန်နိုင်သနည်း ဆိုသော် ထိုမျက်ဝန်း ပိုင်ရှင်မျိုး ကို နိစ္စဓူဝ တွေ့မြင် နေကျ ဖြစ်သည် ။

နံနက်မိုးသောက်၍ ကိုယ်လက် သန့်စင်အပြီး ကျောင်းသွားရန်

အတွက် အလုပြင်ရန် မှန်တင်ခုံရှေ့ ရပ်လိုက်တိုင်း ထိုမျက်ဝန်း ပိုင်ရှင်ကို ငွေစင်ကြယ် တွေ့မြင်နေကျ ဖြစ်သည် ။

အတန်ကြာအောင် အကြည့်ချင်း အားပြိုင်နေရာမှ ငွေစင်ကြယ်က စတင်ကာ မျက်တောင် ခတ်လိုက်ပြီး ...

'ရှင့်မှာ အချိန်တွေ တော်တော် ပေါများ နေသလား'

'ဟုတ်တယ် ငွေစင်ကြယ် အတွက်ဆိုရင် အချိန်တွေဟာ နှစ်ဆယ့်လေးနာရီ လုံးလုံးပေး ဆိုလည်း ပေးနိုင်ပါတယ်'

ရာဇတိုးက အလျှော့မပေးချေ။

မင်းကုသထုံး နှလုံးမူကာ သူ့ထံမှ ချစ်အဖြေကို မရမချင်း ဇွဲကောင်းကောင်း နှင့် စောင့်ပြီး တောင်းခံမည့် ပုံမျိုး ရှိနေသည် ။

'ရှင့်မှာ အချိန်တွေ ပေါများ နေပေမဲ့ ကျွန်မမှာ မပေါများ ဘူး'

'သိပါတယ်။ ဒါကြောင့် ကျောင်းသွား ကျောင်းပြန် အချိန်လေးကို ကျွန်တော့်ကို တာဝန် ပေးလိုက်ရင် ခရီးက တိုသွားနိုင်တယ်၊ ငွေစင်ကြယ်အတွက် စာကျက်ချိန် ပိုထွက် လာနိုင်တာပေါ့'

'တော်ပါပြီ ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ ကိစ္စကို အရှုးမို့လို့ ကျွန်မက လိုက်လျော ရမှာ လား။ ကိုင်း တောင်းပန်ပါတယ်။ ကျွန်မကို အနှောင့်အယှက် လိုက်မပေးပါနဲ့ '

'မနှောင့်ယှက် ပါဘူးဗျာ။ ခင်ဗျားဘာသာ သွားနေကျ အတိုင်းသွား။ ကျွန်တော့်ကိုလည်း သာမန် ခရီးသည် တစ်ယောက်လိုသာ သဘောထား လိုက်ပေါ့ဗျာ ဒါဆိုရင် ခင်ဗျားရဲ့ စိတ်လွတ်လပ် ခွင့်ကို မထိခိုက် နိုင်ပါဘူး'

‘ရှင် နောက်မဆုတ် ဘူးပေါ့’

‘ရာဇတိုး ရာဇဝင်မှာ နောက်ဆုတ်တယ် ဆိုတာ မရှိခဲ့ဘူး ဆိုတာ တော့ ခင်ဗျား မန်မိုရီထဲ သွင်းထားလိုက်ပါ’

‘ဒါဖြင့်လည်း ရှင့်သဘောပဲ ရှင်နဲ့ ကျွန်မနဲ့ ဘယ်ကိုမှ ပတ်သက်မှု မ ရှိတဲ့ ခရီးသွား တစ်ယောက်ပေါ့ ဟုတ်ပြီလား’

‘စိတ်ချ’

ငွေစင်ကြယ် ရာဇတိုးကို ကျောခိုင်း လိုက်သည် ။

ရာဇတိုး ဘယ်လို အနေအထားမျိုး ရှိနေသည် ကို သူမသိချင်တော့။

စီးနေကျ လိုင်းကား ဆိုက်ရောက် လာသည် နှင့် ငွေစင်ကြယ် ကား ပေါ် တက်လိုက်သည် ။ ကားပေါ် ရောက်ပြီး မတ်တတ် တစ်နေရာစာ ချောင်ချောင်ချိချိ ရပ်ခွင့် ရခြင်းကိုက ကံကောင်း လှလေပြီ။

သူနှင့် ဘေးချင်းယှဉ်ကာ ရပ်လာသော လူရိပ်က ရာဇတိုး ဖြစ်နေသ ည် ။ ရာဇတိုးက ခပ်တည်တည်ပင် သူ့ကို ကြည့်လိုက်ရာ သူက မျက် စောင်း ထိုးလိုက်မိသည် ။ ပြီးမှ နောင်တရ သွားသည် ။

မျက်စောင်း ထိုးခြင်းဟာ မိန်းမ မာယာ တစ်မျိုးဟု ဆိုလျှင်။ မတတ် သာတော့ ချက်ချင်း မျက်နှာ လွှဲလိုက်သည် ။

သို့တိုင်အောင် ရာဇတိုးက ...

‘လွယ်အိတ် ပေးလွယ်ပါလား’

မကြားချင်ယောင် ဆောင်နေလိုက်သည် ။ လက်ထဲမှ စတီးချိုင့်ကို ကိုင်ထားသော လက် တင်းကနဲ ဖြစ်သွားသဖြင့် ထိတ်လန့်တကြား ချိုင့် အား ကြည့်လိုက်ရာ ချိုင့်ကို ဆွဲလုနေသော ရာဇတိုး လက်ကို သွားတွေ့

လိုက်ရသည် ။

‘လဲမယ် လက်နှစ်ဖက်နဲ့ ကိုင်ထား။ ချိုင့်ကြီးက တန်းလန်းနဲ့ ’

‘ဒီလောက် ဖြစ်လှတာ ကိုင်ရှင်။ ရော့ ... လွယ်အိတ်ပါ လွယ်ပေး’

ဟု ပြောပြောဆိုဆို ချိုင့်ကိုင်ထားသော လက်လွှတ်ပေး လိုက်ပြီး လွယ်အိတ်ကိုပါ ဖြုတ်ပေး လိုက်သည် ။ ရာဇတိုးက သူ၏ အရွဲ့တိုက်မှုကို ကျေကျေနပ်နပ်နှင့် ပြုံးပြုံးကြီး ခံယူ လိုက်လေသည် ။

သို့သော် သူ့အရပ် ကလန်ကလားနှင့် ဖြစ်သည့် ကြားက ကားဘရိတ် အုပ်လိုက်သောအခါ ယိမ်းထိုးသွားသဖြင့် ငွေစင်ကြယ်က လွယ်အိတ်ကို လှမ်းဆွဲကာ ထိန်းပေး လိုက်ရသည် ။

ကံအားလျော်စွာ နှစ်မှတ်တိုင် အရောက်တွင် ငွေစင်ကြယ် နေရာ ရလိုက်သည် ။

‘ပေး ချိုင့်နဲ့ လွယ်အိတ်’

‘လစ်မပြေးပါဘူး’

သူ့ဘေး၌ ရပ်နေသော ရာဇတိုးထံမှ ချိုင့်နှင့် လွယ်အိတ်ကို ပြန်ယူလိုက်သည် ။

‘ဘတ်စ်ကား စီးဖူးလို့ လား’

‘ဒါ ပထမဦးဆုံးပဲ’

ငွေစင်ကြယ် ရင်ထဲ ကရုဏာ အိုင်လေး စတင် ဖြစ်ထွန်း သွားလေသည် ။ မိုးကျ ရွှေကိုယ်တော်က ဒုက္ခ ဆင်းရဲခံကာ မင်းကုသထုံး နှလုံးမူ၍ သူ့နောက်တော် ပါးသို့ ချဉ်းကပ်နေမှုကို သူ စတင် အသိအမှတ် ပြုလိုက်မိလေသည် ။

ငွေစင်ကြယ်၏ အတွင်းဘက်မှ အမျိုးသမီးကြီး ထသွားသောအခါ ငွေစင်ကြယ်က ချောင်သို့ တိုးလိုက်ပြီး ...

'ရှင် မြန်မြန် ထိုင်လေ။ ရော့် ခက်နေပြီ'

တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသော ရာဇတိုးကို မနေသာဘဲ လှမ်းပြောပြီး လွယ်အိတ်ချကာ နေရာကလည်း ဦးထား ပေးရသေးသည်။

ထိုအခါမှ ရာဇတိုးက အားနာသော မျက်နှာပေးနှင့် ဝင်ထိုင်သည်။

'ရှင် ဒီ ဒုက္ခမျိုး တစ်နေ့ နှစ်ကြိမ် ခံစားနိုင်ပါ့မလား'

'ဗျာ'

'ဒါ ကျွန်မရဲ့ ဘဝပဲ ကျွန်မရဲ့ ဘဝမှာ ဒီလို ဒုက္ခတွေက လွတ်မြောက်ဖို့ ကို ကြိုးစား ရုန်းကန် နေရတယ် ဒါကြောင့် စိတ်ကူးယဉ် အိပ်မက်ရှည် မက်ခွင့် မရှိဘူး'

'ဒုက္ခ ... ငွေစင်ကြယ်သာ အနားမှာ ရှိမယ်ဆိုရင် ဘယ်လို ဒုက္ခမျိုးမဆို ရင်ဆိုင်နိုင်မယ် ထင်ပါတယ်'

'ကျွန်မက ဒုက္ခဆိုတာ ခန္ဓာကိုယ် အစိတ်အပိုင်း ဒုက္ခမျိုးထက် စိတ်ဒုက္ခ ရောက်မှာ ကို အစိုးရိမ် အကြောင့်ကြဆုံးပဲ'

'ရုပ်ပိုင်းထက် စိတ်ပိုင်းကို အလေးထားတယ်ပေါ့'

'ဟုတ်ပါတယ်။ ကိုင်း ရှင် တစ်ဆိတ် ငြိမ်ငြိမ်ကလေး နေပေးပါ'

'ကောင်းပါပြီ သူ့ကို လိုချင်ရင် သူ့အကြိုက် လိုက်လျောရမယ် ဆိုတဲ့ သဘောထားကို ကျွန်တော် ကောင်းကောင်း နားလည် သဘောပေါက်ထားပါတယ်'

'မိကျောင်းသား'

‘မဟုတ်ပါဘူး ဦးအောင်တိုး သားပါ’

ငွေစင်ကြယ် မျက်စောင်း ထိုးလိုက်မိလေသည်။

ထို့နောက် သူ့ထုံးစံအတိုင်း ဆရာ ဆရာမများ သင်ခန်းစာ ပို့ချလိုက်သော စာပိုဒ်အချို့ကို လက်တစ်ဝါးစာ မှတ်စုလေး၌ အကြမ်း ရေးခြစ် မှတ်စု ထုတ်ထားသည် ကို ပြန်လည် ကျက်ခြင်းဖြင့် ခရီး ဝေးကွာသောကြောင့် မှတ်တိုင်စဉ်လိုက် ရပ်နား လူစောင့်ခေါ်၊ အပြိုင်မောင်း၊ ရပ်လိုက် ပြေးလိုက်နှင့် ဒဂုံမြို့သစ် မြောက်ပိုင်းသွား လေအိတ် အဲယားကွန်း ဘတ်စ်ကားပေါ်၌ လိုက်ပါခြင်းဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချရလေသည်။

ရာဇတိုးသည် ဆေးတက္ကသိုလ်၏ အလှဘုရင်မ ကလေး၏ လက်တွေ့ကျကျ မြေသားဆန်သော ဘဝကို ကြည့်ကာ ကရုဏာသက်ပြီး စိတ်ဝင်စားမှုက တိုး၍ တိုး၍ လာလေသည်။

ထိုနေ့က ငွေစင်ကြယ်အတွက် ရယ်စရာ ကောင်းသော ခင်မင်စရာလည်း ကောင်းသော ရာဇတိုး ဟူသော သူကို သူငယ်ချင်း စာရင်းသို့ သွင်းလိုက် မိလျက်သား ဖြစ်သွားရလေသည်။

‘ဆင်းမယ်’

‘ဗျာ’

‘ကျွန်မ ဆင်းမဲ့ မှတ်တိုင် ရောက်ပြီ ရှင်ကော ဆင်းမှာ လား’

‘ကျွန်တော်လည်း ဆင်းမှာ ’

‘ဒါဖြင့် ထလေ’

‘ကားမှ မရပ်သေးဘဲ’

‘မရပ်ခင် ကြိုထွက် ထားရတယ်လေ။ ရှင် မမြင်ဘူးလား။ ရှေ့ခရီးသည် တွေ ဘယ်လို ဆင်းသွားကြသလဲ ဆိုတာ’

‘ကျွန်တော်က တစ်ယောက်သော သူကိုသာ မြင်တယ်လေဗျာ’

‘ဟင်း’

ငွေစင်ကြယ် မျက်စောင်း ထိုးကာ ထိုင်ရာမှ ထလိုက်သည် ။

‘ပေး ချိုင့်’

ရာဇတိုးက သူ့ချိုင့်ကို လှမ်းယူကာ မတ်တတ် ထလိုက်ပြီး ကားတံခါးပေါက် ရှိရာသို့ တိုးဝှေ့သွားရာ …

‘လဲကျဦးမယ် မြဲမြဲကိုင်ထား’

ငွေစင်ကြယ် ဆရာ လုပ်လိုက်ရသည် ။ သူ့အရပ်ကြီး ကလန်ကလားနှင့် ယိမ်းထိုး နေသေးသည် ။

ဩော် … အကျင့်မှ မရှိရှာပေဘဲ။

‘ကျွန်မနောက်က လိုက်ဆင်း’

‘ဟုတ်ကဲ့’

ကားရပ်သည် နှင့် ငွေစင်ကြယ်က ဦးအောင် ဆင်းလိုက်သည် ။ ရာဇတိုးက သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ဆင်းလာသည် ။ ဖိနပ်နှင့် မြေကြီး ထိစပ်သွားသည် နှင့် …

‘ကိုင်း ရှင် ဘယ်လို လိုက်မှာ လဲ’

‘ငွေစင်ကြယ် အိမ်လေ’

‘ပြန်ရင်ကော’

ရာဇတိုးက ဟိုဟိုဒီဒီနှင့် ဝဲယာသို့ ကြည့်လိုက်သည် ။

'ကကတွေ ရှိသားပဲ'

'ဒါဖြင့် ပြန်တော့လေ'

'ငွေစင်ကြယ်အိမ် သိချင်သေးတယ်'

ငွေစင်ကြယ်က မထူးတော့ပြီ ဖြစ်၍

'ကောင်းပြီ ဒါဆိုရင်လည်း အိမ်သိအောင် လိုက်ခဲ့။ ဒေါ်လေးနဲ့ မိတ်ဆက်ပေးမယ်။ ရှင့်ကို ကျွန်မ သူငယ်ချင်း အနေနဲ့ ပဲ အသိအမှတ် ပြုနိုင်မယ်နော်။ ဒါကို ရှင်သဘောတူရင် လိုက်ခဲ့'

'ဒါပေမဲ့ ကျွန်တော် လိုချင်တာ သူငယ်ချင်း အဆင့် မဟုတ်ဘူး ဆိုတာတော့ ငွေစင်ကြယ် သဘောပေါက် ထားပေးပါ'

'သိပါတယ်။ ကျွန်မကလည်း ကျွန်မ ပေးနိုင်တဲ့ အဆင့်ကိုပဲ ပေးထားတာ။ မကျေနပ်ရင် နောက်ကြောင်း ပြန်လှည့် နိုင်ပါတယ်'

'ရှေ့တိုးပြီးရင် နောက်ပြန်ဆုတ် တတ်တဲ့ သူထဲ ရာဇတိုး မပါဘူး'

'လမ်းကို သေသေချာချာ မှတ်နော် အပြန် ကျွန်မ ပြန်ပို့ ပေးနိုင်မှာ မဟုတ်ဘူး ။ တော်ကြာ လမ်းပျောက်နေလို့ မတ်တတ်ရပ်လို့ လမ်းမှာ ငိုနေရဦးမယ်'

'အချစ်လမ်းစ မပျောက်ဖို့ ဘဲ အရေးကြီးပါတယ်'

'ကကတွေက ခုနက ဆင်းခဲ့တဲ့ မှတ်တိုင်မှာ ပဲ ဂိတ်ထိုးကြတာ များတယ်'

'ဟုတ်ကဲ့ မှတ်ထားပ့ါမယ်'

ရာဇတိုးကို ဖွဲဆုအဖြစ် သူငယ်ချင်းဟု အသိအမှတ် ပြုပေးလိုက်

သည် ။

သူ ဆေးတက္ကသိုလ် စတက်စ ကတည်းက သူ့နောက်ကို လိုက်ကာ ပရိုပို့စ် လုပ်ခဲ့ကြသူများ ထဲတွင် ရာဇတိုး တစ်ယောက် အပါအဝင် ဖြစ်သည် ။

ပထမနှစ် စာသင်နှစ် ပြီးဆုံးကာနီးပြီ ဖြစ်သော်လည်း ရွှေစွန်ညိုကြီးက ဝဲလျက်ပင်ရှိရာ ယနေ့တော့ ဖွဲ့ဆု ချီးမြှင့်လိုက်သည် ။

'အင်း ဒီနေ့တော့ နှစ်သိမ့်ဆုနဲ့ ပဲ ကျေနပ်ပြီး ပြန်ရတော့ မှာ ပေါ့ဗျာ'

ဟု ဖြေသိမ့် စကားလေးနှင့် ရာဇတိုးက သူ့အိမ်သို့ ထပ်ကြပ်မကွာ လိုက်ပါ လာခဲ့လေသည် ။

*****